## ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကူသိုလ်ရှင်များ

၁။ မအေးအေးမျိုး

၂။ မအေးမြင့်သူ

၃။ မသီသီမော်

၄။ ဒေါ်ဖြိုးအိအိဇာ

၅။ မမူမူသင်း

၆။ မသိမ့် + မခင်ဆန်းဆန်းအေး

၇။ ဒေါ်နီလာသန်း

၈။ မစန္ဒာဝင်း

၉။ မဇင်ဇင်ခိုင်

၁၀။ ဒေါ်ယဉ်မွန်သိမ့်

# လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊

**သင်တန်းနေရာ**- (၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊ မဟာဗောဓိဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။

(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ × ၂၇လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၉-၂၅၀၀၉၄၃၉၄၊ ၀၉-၉၁၀၀၄၁၃၈

**ဗုဒ္ဓစာပေပို့ချခြင်း(၈)နှစ်မြောက် အထိမ်းအမှတ်**

**နှင့်**

**ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း**

**(၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်**

**ထုတ်ဝေပါသည်**

## ကျေးဇူးတင်ရှိခြင်း

ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဓမ္မဒီပကျေးဇူးရှင်<br>ဦးခင်ဇော် (ဓမ္မဒီပသင်တန်းသား) | ၁ |
| ၂။ | ပြည်လုံးဆု(၃)ကြိမ်ရ (၂၀၁၃)ဝိသုဒ္ဓိမဂ်<br>တစ်ပြည်လုံး ပထမဆုရှင်<br>ဖိုးသာထူး (ဓမ္မလုပ်သား) | ၂ |
| ၃။ | မြတ်ဆရာသို့<br>မချိုမာဝင်း | ၅ |
| ၄။ | ဓမ္မပီတိ<br>ဓမ္မဒီပ-မူကြိုကျောင်းသူ | ၇ |
| ၅။ | အမရပူရမြို့ကျေးဇူးတော်ရှင်<br>မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ၏<br>ပရမတ္ထတရားများကို လေ့လာသင့်ပုံ | ၁၃ |
| ၆။ | ပါရမီပြည့်ရာအသေချာကမ္ဘာ<br>သာကီဝင်း | ၁၄ |
| ၇။ | ကာမတောကို ဖြတ်ကျော်ခြင်း<br>ဒေါက်တာဦးခင်မောင်ကြည် (ဓမ္မဒီပ) | ၁၉ |

ကိုယ်စားပြုတက်ရောက်ခဲ့သည်။ “ဓမ္မဒီပ” ဗုဒ္ဓစာပေသင်တန်းကျောင်းမှ ကြီးမှူး ဖွင့်လှစ်သောသင်တန်းများတွင် အတန်းပိုင်ဆရာမအဖြစ် မျိုးဆက်သစ် ဗုဒ္ဓဘာသာ ကလေးငယ်တို့၏ နှလုံးသားတွင် ဘာသာရေးမျိုးစေ့ချပေးနေသူ ဓမ္မဉယျာဉ်မှူး၊ ဓမ္မစကူးလ် ဆရာမတစ်ဦးလည်းဖြစ်ပါသည်။

ယခုအခါ(၂၀၁၃)ဝိသုဒ္ဓိမဂ်တစ်ပြည်လုံး ပထမဆုနှင့်ပြည်လုံးဆု (၃)ကြိမ်တိုင်တိုင် အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သော ဆရာမဒေါ်ရွှေဖြိုးသွယ်သည် သူမ၏ဘာသာရေးအောင်ရာမြေ မိခင် “ဓမ္မဒီပ” ကျောင်းတော်ကြီးနှင့်ကျေးဇူးရှင် ဓမ္မဒီပသင်တန်းမှူးဆရာကြီးဒေါက်တာဦးခင်မောင်ကြည်နှင့် ဆရာမကြီး ဒေါက်တာဒေါ်ချိုချိုမာတို့၏ ကျေးဇူးအနန္တကို ကျေးဇူးသိတတ်ကျေးဇူးဆပ်သည့် အနေဖြင့် ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းနည်းပြ ဆရာမအဖြစ် မိမိတက်စွမ်းသမျှ သာသနာ့အကျိုးအတွက် တစ်ဒေါင့် တစ်နေရာမှ နိုင်ရာဝန်ကို ထမ်းရွက်နေပြီ ဖြစ်ပါသည်။

**ဓမ္မဒီပ သင်တန်းသား**
**ဓမ္မလုပ်သား**
**ဖိုးသားထူး**

(ရန်ကုန်မြို့ မင်္ဂလာဗျူဟာဓမ္မမဂ္ဂဇင်းသို့ ပေးပို့သော ဆောင်းပါးအား ထပ်ဆင့်ဖော်ပြပါသည်။)



# “ဓမ္မဒီပ ကျေးဇူးရှင်’

◆ ရှည်ကြာသင်တန်း
မပင်ပန်း
ရွှင်လန်းတက်ကြွ လှုံ့လရှင်၊

◆ ခင်ပွန်းဆယ်ဝ
ပါဝင်ကြ
ဝေငှဓမ္မ ကုသိုလ်ရှင်၊

◆ ဖြောင့်မှန်လမ်းကြောင်း
မတိမ်းစောင်း
ထိန်းကြောင်းညွှန်ပြ ပဲ့ကိုင်ရှင်၊

◆ ဘဝမှောင်မှ
လွတ်ကြောင်းပြ
ကမကထ မီးအိမ်ရှင်၊

◆ ဗုဒ္ဓလိုကျ
သင်ပို့ချ
ဓမ္မဒီပ ကျေးဇူးရှင်။

**ဦးခင်ဇော်**
**ဓမ္မဒီပသင်တန်းသား**

# “ပြည်လုံးဆု(၃)ကြိမ်ရ (၂၀၁၃)ဝိသုဒ္ဓိမဂ်–တစ်ပြည်လုံး ပထမဆုရှင်”

(၂၀၁၃)ခုနှစ်သာသနာရေးဝန်ကြီးဌာနမှ ကျင်းပသော (၄၇)ကြိမ်မြောက် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် မြန်မာတစ်နိုင်လုံး ပထမပြည်လုံးဆုရှင်မှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၀)မှ မူလတန်းပြဆရာမ ဒေါ်ရွှေဖြိုးသွယ်ဖြစ်သည်။ ပြည်လုံးပထမဆုရှင် ဒေါ်ရွှေဖြိုးသွယ်အား စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မကျည်းတုံကျေးရွာ၌ အဘ-ဦးချစ်ငွေ ၊ အမိ-ဒေါ်တင်ရီတို့မှ (၈-၃-၁၉၈၄) နေ့တွင် မွေးဖွားခဲ့ပြီး မွေးချင်း(၄)ယောက်အနက် တတိယမြောက် သမီးရတနာဖြစ်ပါသည်။ ဘွဲ့ကို(၂၀၀၅)တွင် ရရှိခဲ့ပြီး ဒီပလိုမာဘွဲ့ကို (၂၀၀၃)ခုနှစ်တွင်ရရှိခဲ့သည်။

ပြည်လုံးပထမဆုရှင် ဒေါ်ရွှေဖြိုးသွယ်၏ ဘာသာရေးလက်ဦးဆရာတို့မှာ မန္တလေးမြို့ လူပုဂ္ဂိုလ်များ ဆိုင်ရာ“ဓမ္မဒီပ ဗုဒ္ဓစာပေသင်တန်းကျောင်း”ကို တည်ထောင်ခဲ့သောဆရာကြီး ဒေါက်တာ ဦးခင်မောင်ကြည်နှင့် ဆရာမကြီး ဒေါက်တာဒေါ်ချိုချိုမာတို့ဖြစ်သည်။ ဒေါ်ရွှေဖြိုးသွယ်သည် “ဓမ္မဒီပ” ဗုဒ္ဓစာပေသင်တန်းကျောင်းမှ အောက်ပါဘာသာရေးဆိုင်ရာ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

## “သာသနာရေးဝန်ကြီးဌာန စာမေးပွဲများအောင်မြင်မှု”

(၂၀၀၉)ခုနှစ် - အဘိဓမ္မာ(ရိုးရိုး)-နှစ်ချင်းပေါက်သုံးဆင့်အောင်။

(၂၀၁၀)ခုနှစ် - အဘိဓမ္မာ(ဂုဏ်ထူးဆောင်)-နှစ်ချင်းသုံးဆင့်အောင်(မြို့နယ်ပထမ)နှင့် မစိုးရိမ်အဘိဓမ္မာစာမေးပွဲအောင်မြင်။



(၂၀၁၁)ခုနှစ် - ဝိသုဒ္ဓိမဂ် ပထမအဆင့်အောင်။

(၂၀၁၂)ခုနှစ် - ဝိသုဒ္ဓိမဂ် ဒုတိယအဆင့်အောင်(မြို့နယ်ဒုတိယ)။

(၂၀၁၃)ခုနှစ်- ဝိသုဒ္ဓိမဂ်(၃)ဆင့်လုံးဝင်ရောက်ဖြေဆိုအောင်မြင် “တစ်ပြည်လုံး ပထမဆု” ရရှိ။

## “ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ စာမေးပွဲများအောင်မြင်မှု”

(၂၀၀၈)ခုနှစ် - နိဒါနဝဂ္ဂသံယုတ်(ဂုဏ်ထူးရရှိ)

(၂၀၀၉)ခုနှစ် - ခန္ဓဝဂ္ဂသံယုတ်(မြို့နယ်ပထမ)

(၂၀၁၀)ခုနှစ် - သဠာယတနသံယုတ်(တစ်ပြည်လုံးဒုတိယဆု)

(၂၀၁၁)ခုနှစ် - မဟာဝဂ္ဂသံယုတ်(တစ်ပြည်လုံးတတိယဆု)

(၂၀၁၂)ခုနှစ် - သဂါထာဝဂ္ဂသံယုတ်(ဂုဏ်ထူး)နှင့်မြို့နယ်ဒုတိယ

ဒေါ်ရွှေဖြိုးသွယ်သည် ယခုအခါ မန္တလေးဗုဒ္ဓတက္ကသိုလ်ဒုတိယနှစ် တက်ရောက်သင်ကြားနေပြီး (၂၀၁၃)ပထမနှစ် စာမေးပွဲကြီးတွင်လည်း ဂုဏ်ထူး လေးဘာသာနှင့် အထူးဆုဒုတိယဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ထို့ပြင် “ဓမ္မဒီပ” ဗုဒ္ဓစာပေသင်တန်းကျောင်းမှ ကြီးမှူးကျင်းပသော (၂၀၁၃)နိကာယ်ငါးရပ် ပိဋကတ် မြန်မာပြန်တရားတော် ပထမအဆင့်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။ ဒေါ်ရွှေဖြိုးသွယ်သည် ဒုတိယတန်းအရွယ်မှစ၍ (၅၅၀) ဇာတ်တော်နှင့်ဗုဒ္ဓစာပေတို့ကို စတင်ဖတ်ရှုခဲ့ပြီး မူလတန်းကျောင်းသူ ကလေးဘဝအရွယ်ကတည်းက ဗုဒ္ဓစာပေများကို စိတ်ဝင်စားခဲ့သူဖြစ်သည်။ “ဓမ္မဒီပ” ဗုဒ္ဓစာပေသင်တန်းကျောင်းမှ ပရိယတ္တိစာပေများကို ဝါသနာသန်၊ စေတနာမှန်စွာဖြင့် သဒ္ဓါတရားတက် ကြွစွာ ကြိုးစားလေ့လာ သင်ယူခဲ့သူလည်းဖြစ်သည်။

ထို့ပြင် ရန်ကုန်မြို့ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော (၂၀၁၃) ဓမ္မစကူးလ်ဆင့်ပွား ဆရာဖြစ်သင်တန်းအပါတ်စဉ်(၃)တွင် “ဓမ္မဒီပ” သင်တန်းကျောင်း

သင်လာရင်းနဲ့ ပြောင်းလဲလာတာကို ကိုယ်တိုင်သိသာလာမယ်ပေါ့။ တကယ့်ပြောင်းလဲမှုကို တွေ့ရတော့ ကိုယ့်ကိုယ်ကိုတောင် မယုံရဲတော့ဘူး။ ပြန် မသုံးသပ်ကြည့်မိခဲ့တာလေ။ ခန္ဓာနဲ့မတိုက်မိခဲ့တာဘဲပေါ့။ သူများတွေကိုဘဲ ကြည့်နေပြီး ကိုယ့်ကိုယ်ကို ပြန်မကြည့်မိလေတော့ မသိခဲ့တာတွေပေါ့။ အမြဲသတိမကပ်နိုင်သေးတော့ အသိတရားကလည်း ဝေးလိုက် နီးလိုက်ဖြစ်နေမှာ ပေါ့လေ။

အရင်တုန်းက မိဘတွေနဲ့ ဆရာတွေက မေတ္တာ၊ ကရုဏာနဲ့ ကိုယ့်ကို ကောင်းစေချင်လို့ ပြောဆိုဆုံးမ ခံရရင် ကိုယ့်စိတ်နဲ့သဘော အကြိုက်မကိုက် လေတော့ ငါကောင်းတာတွေကို လုပ်နေရဲ့သားနဲ့ ငါ့ကိုမှ ပြောရက်ကျလေခြင်းဆိုပြီး အကြိမ်ကြိမ် ငိုခဲ့ရဘူးတယ်။ ငါ့တစ်ယောက်ကိုဘဲ ပြောတယ်ဆိုပြီးတော့ ဘယ်လိုမှ ဖြေမရနိုင်ခဲ့ဘူး။ အထူးသဖြင့် အန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘတွေပေါ်မှာ တလွဲမာန ထားမိခဲ့တယ်။ ဒီနှစ်ထဲ ရောက်တော့မှဘဲ သင်ယူခဲ့ရတဲ့ သံယုတ်မြန်မာပြန် တရားတော်တွေနဲ့ ဆရာကြီး၊ ဆရာမကြီးပြောတဲ့ စကားတွေကို ပြန်စဉ်းစားသုံးသပ် မိလာတယ်။ ဟုတ်တယ်“ငါ”ဆိုတာမှ မရှိတာလေ။ ငါ့ကိုပြောတာလဲမဟုတ်ဘူး။ မိဘက သားသမီးကို ဆုံးမတာ ဆရာက တပည့်ကို ဆုံးမနေတာလေ ငါကအနတ္တကို အတ္တလုပ်နေမိတာပါလားလို့ သုံးသပ်တွေးကြည့်မိလိုက်တော့ ခန္ဓာနှင့် တိုက်၍ ရခဲ့သော သမ္မသက်ပ္ပ အတွေးအကြံ မှန်ကန်ခြင်းနှင့် ဖြစ်တည်လာတယ်။ ဒီတော့မှ ရင်ထဲမှာ ချက်ချင်းကိုဘဲ အေးချမ်းပြီး ပေါ့ပါးသွားတော့တယ်။ ပူပန်မှုတွေ လျော့ဆင်းကျသွားပြီး တရားဓမ္မရဲ့ အေးမြတဲ့အရသာ ဆိုတာဒါဘဲ လားဆိုပြီး ဖေဖေနဲ့မေမေကိုရော ဆရာကြီး ဆရာမကြီးတို့ကိုရော ရှိခိုးဝန်ချ တောင်းပန်မိတယ်။ ဓမ္မကသင်ပြပေးလိုက်တဲ့ စာသင်ခြင်းရဲ့ အကျိုးရလဒ်ပေါ့။

အမြင်အတွေး အကြံတွေ မမှန်ခင်က ပြောမှားပြုမှား မိခဲ့တာတွေဟာ ဆရာကြီး၊ ဆရာမကြီးတို့ ပြောနေတဲ့ မတောက်တခေါက် စာလေးသင်ပြီး စာခံနေမိတာဖြစ်မှာပေါ့။ ဒီလိုဗုဒ္ဓစာပေတွေကို အေးအေးဆေးဆေး သင်ကြားနိုင်ခွင့်၊ တရားဓမ္မကို အားထုတ်နိုင်ခွင့်ရရှိအောင် အထောက်အပံ့ကောင်းတွေ ပေးခဲ့တဲ့ ဒီမိသားစုလေးမှာ ကြီးပြင်းလာခဲ့ရတာကို အထူးသဖြင့် “အနှိုင်းမဲ့ကျေးဇူးရှင်”



# မြတ်ဆရာသို့

ကိုယ်ကဉ္စုံ ဖြစ်လိုတုံလည်း
အကြောင်းကဖန် တစ်မျိုးကြံ၍
လွဲဖယ်ကိစ္စ ကြုံကြရ၏။

အခက်ခဲကြုံ တွေ့ဆုံလာလည်း
ဇွဲကိုမလျှော့ အားမာန်မော့၍
ရင်ဆိုင်ကျော်လွှား ဖြေရှင်းရ၏။

ဖြေရှင်းကိစ္စ အဝဝတွင်
အမှားအမှန် ရောကာပါ၍
ခွဲခြားမသိ “အကု”များ၏။

မှားမှန်ခွဲခြား ပညာအားကို
သင်ကြားသိလို တွေးကာပေါ်၍
ဆရာကောင်းဖွေ နှံ့ခဲ့လေ၏။

ဉာဏ်၏တန်ဆောင် အလင်းရောင်ကို
ထွန်းညှိပြသ “ဓမ္မဒီပ”
တွေ့ခဲ့ကြရ ဝမ်းသာလှ၏။

ဓမ္မဒီပ မိနှင့်ဖဟု

တင်စားမှတ်ကျောက် ခေါ်တွင်လောက်သည့် ဖြောင့်မတ်တည်ကြည်

ဦးခင်မောင်ကြည်နှင့် ဉာဏ်အားကြီးစွာ ဒေါ်ချိုချိုမာမှ

ဓမ္မအဖြာဖြာ ပို့ချကာဖြင့်

သာသနာရေး ရည်မျှော်တွေးကာ

စွန့်လွှတ်နစ်နာ ကိုယ်ကျိုးခွာ၍

သစ္စာလေးအင် ဉာဏ်၌ထင်အောင်

ရည်ဆောင်ကြိုးပမ်း အားဖြည့်လှမ်း၏။

ကြီးမားပါ၏ ဆရာ့ဂုဏ်အင်

ပူဇော်ပါ၏ မြတ်ဆရာရှင်

ဦးခိုက်ပါ၏ အခါခါပင်။

**တပည့်**
**ချိုမြာဝင်း**



# ဓမ္မပီတိ

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)၃

အနန္တောအနန္တ ငါးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကို ရှိသေစွာ ကန်တော့ပါ၏။ လူ့ဘောင်လောက ဤဘဝမှာ ဗုဒ္ဓဘာသာဝင် အဖြစ်မွေးဖွားပေးသော ဖေဖေနှင့်မေမေ၊ လောကုတ္တရာ ဓမ္မလောကထဲသို့ရောက်အောင် အသစ်တစ်ဖန် မွေးဖွားပေးပါသော ဖေဖေနှင့်မေမေ ဆရာကြီး ဦးခင်မောင်ကြည်နှင့် ဆရာမကြီး ဒေါ်ချိုချိုမာတို့နှင့်တကွ အမ (ဓမ္မမိတ်ဆွေ) ဒေါ်ခင်စိုးဝင်း တို့အား အထူးကျေးဇူး တင်ရပါကြောင်း ပဏာမအနေနဲ့ ဂါရဝပြုအပ်ပါသည်။

ဒီကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကြောင့် **"ဓမ္မဒီပ"** လောက တရားဓမ္မ နယ်မြေ ဗုဒ္ဓလမ်းကြောင်းပေါ်ကို ရောက်ခဲ့တာပါ။ မိရိုးဖလာ ဗုဒ္ဓဘာသာကနေ ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်အဖြစ်နဲ့ ဘာသာတရားရဲ့အနှစ် အရသာကို ခံစားမိရပြီး ဗုဒ္ဓရဲ့ သမီးကောင်းဖြစ်ချင်လာမိပါတယ်။ ကိုယ့်ရဲ့ဦးတည်ချက် ဘဝရည်ရွယ်ချက် ဆိုတာ ဘာလဲလို့ မသိရှိဘဲနဲ့ နေခဲ့တာနှစ်ပေါင်းကြာခဲ့ပါပြီ။ အခုမှ ကိုယ့်ရဲ့ ရည်ရွယ်ချက် ဦးတည်ချက်အမှန်ကို မျက်ဝါးထင်ထင်သိခဲ့ရတာပါ။ အစကတော့ အော် အခုချိန်ကျမှ သိရလေခြင်းဆိုပြီး နောင်တရမိတယ်။ ဒီလိုစာပေတွေ သင်ရင်းကနေ ကုက္ကုစ္စ ဖြစ်မိရတာလေ။ ကိုယ့်အသက်အရွယ်နဲ့ဆိုတော့ ပိုပြီးအာရုံထား ဝီရိယစိုက်မိခဲ့ရတာပေ့ါ။ ပထမတော့ စာမေးပွဲအောင်ချင်တယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ ရင်ထဲရှိဖို့ (ခန္ဓာတရားကိန်းဖို့) အဓိကဆိုတာကို သိလာတယ်။ သွားနေတာက ကုသိုလ်နယ်မြေ လုပ်နေတာတွေက ကုသိုလ် အလုပ်တွေ ၊ ဒီကြားထဲမှာ "လောဘ" တွေ တက်နေရင်၊ "ဒေါသ" တွေ ထွက်နေရင် လက်ရှိ ကိုယ်လုပ်နေတာတွေနဲ့ ဆန့်ကျင်ဘက် မကိုက်ညီတော့ဘူးဆိုပြီးတော့ သေချာသုံးသပ်ကြည့်မိပြီး သတိလေးထား စိတ်ကိုအလိုမလိုက်မိဖို့ ဆင်ခြင် မိလာတယ်။ လက်ရှိဘဝမှာ နေလာရင်းနဲ့ အများအတွက် ကိုယ့်အတွက် အမှန်အကျိုးရှိမယ့် နေနည်း၊ ထိုင်နည်း၊ မှန်ကန်သောဘဝနေနည်းကို ရွေးချယ်နေထို တတ်လာခဲ့ပါတယ်။ ဆရာကြီး၊ ဆရာမကြီးတို့ ပြောနေကျစကားရှိတယ်။ ဒီစာတွေ

ပရမတ္ထတရားတွေကို သင်ယူပြီး သူအနေနဲ့ စိတ်တစ်ခုဟာ “ဉပါဒ်၊ ဌီ၊ ဘင်” ဆိုပြီး မျက်စေ့တစ်မှိတ်၊ လျှပ်တပျက် ပျောက်ကွယ်သွားတာ လက်ခံပေမဲ့ ဒီအဖြစ်အပျက်လေးကိုတော့ အမြဲပဲ မျက်ဝါးထင်ထင် မှတ်မိနေဖြစ်ဦးမှာပါ။ မနောဒွါရမှာ ဓမ္မာရုံအဖြစ်နဲ့ အကြိမ်ကြိမ်ပြန်ပြီးခံစားနေမိမှာပါ။ ပြုလုပ်ပြီးသော ကုသိုလ်တရားများ မပျောက်ပျက်အောင် တိုးတက်ပျံ့ပွားအောင် တိုးပွားကျင့်ကြံနိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ အဲဒီည(၁၉. ၄. ၂၀၁၄) စနေနေ့ည သံသရာ အေးစေတီရင်ပြင်ပေါ်မှာ ကျခဲ့ကြတဲ့ ကျွန်မအပါအဝင် ဓမ္မမိတ်ဆွေတွေရဲ့ ရင်တွင်းခံစားချက်တွေကို ရင်ဖွင့်ပြီး ဓမ္မပီတိ အတွက်နဲ့ ကျခဲ့ကြတဲ့ပီတိမျက်ရည်တွေဟာ သံသရာအေးစေတီတစ်ခုလုံးကို လျှံသွားတယ်လို့ ခံစားမိခဲ့တယ်။

သပြေပန်းကို အောင်သပြေ၊ အောင်ပန်းရယ်လို့ တင်စားခေါ်ဝေါ်တတ်ကြတယ်။ သပြေတောင်ပေါ်မှာ တည်ထားတဲ့ သံသရာအေးစေတီရင်ပြင်ပေါ်မှာ အဲဒီစနေနေ့က ကျွန်မဘဝရဲ့အောင်မြေလဲ ဖြစ်သလို ဓမ္မဒီပ သင်တန်းရဲ့ အောင်မြေလဲဖြစ်ခဲ့ရပါတယ်။ ပရိယတ်ပဋိပတ် ပူးတွဲလေ့ကျင့်ခြင်းရဲ့ နောက်ဆုံးညမှာ ဓမ္မမိတ်ဆွေအားလုံးရဲ့ ရင်ထဲက ဆန္ဒတွေကို ဖွင့်ပြဝန်ခံခဲ့ရလို့ ကျေနပ်နေမိပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် ဒီညတစ်ညလုံး တောင်ပြီးဆုံးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် သမီးမပြောတော့ပါဘူး ရယ်လို့ အစချီပြီးတော့ အဲဒီညက နောက်ဆုံးပြောခဲ့ ငိုခဲ့ရသူက ကျွန်မပါ။ ရင်ထဲမှာ ပြည့်ကြပ်လျှံတက်နေတယ် ဆရာကြီး၊ ဆရာမကြီးတို့ ကျေးဇူးတရားတွေဟာ တစ်ထောင့်တစ်ည ပုံပြင်နဲ့တောင် မနှိုင်းသာပါဘူး။ အကနိဋ္ဌဘုံနဲ့ အဝီစိကြားမှ မဟာကျေးဇူးတရားများလို့ ပြောရင်တောင် လိုနေအုံးမှာပါ။ ဒါကြောင့် ကလျာဏမိတ္တာ၊ ဓမ္မဒီပ မိနှင့်ဖတို့နှင့် ဓမ္မမိတ်ဆွေ ကျေးဇူးရှိသူတွေရဲ့ အထောက်အပံ့ ကောင်းတွေကြောင့် ကျေးဇူးကိုသိရှိပြီး ကျေးဇူးဆပ်ချင်ခဲ့ပါတယ်။ ဒါကြောင့် သဲတစ်ပွင့်အနေနဲ့ပဲဖြစ်ဖြစ် မျက်လုံးထဲက စီးဆင်းကျလာတဲ့ ဓမ္မပီတိမျက်ရည်တွေနဲ့ အတူ ရင်ထဲက စီးဆင်းတိုးထွက်လာတဲ့ စကားတွေကို ဒီဆောင်းပါး စာစုရဲ့ စာလုံးတွေအဖြစ် ကျေးဇူးဆပ်ချင်လို့ပါရှင်။

ဓမ္မဒီပ သင်တန်းမတက်ခင်အထိ လူတွေနဲ့ စကားမပြောရဲ(မဝင်ဆန့်) ဘူး



မိဘတွေကို ကျေးဇူးတွေတင်လာ မိခဲ့ရပါတယ်။ ဒီကျေးဇူးတရားတွေကို လောကီကျေးဇူးဆပ်နည်း လုပ်ကျွေးပြုစုနေရုံမျိုးသာမက ဗုဒ္ဓနည်းကျ လောကုတ္တရာကျေးဇူး ဆပ်နည်းမျိုးနဲ့လည်း ဖေဖေနဲ့မေမေကို ကျေးဇူးဆပ်ချင်လိုက်တာလေ။ နှလုံးသွေးမှစ၍ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ သွေးကြောလေးတွေ အားလုံးကပါ ယိုစိမ့်ထွက်လာတဲ့ ဆန္ဒသွေးရယ်ပါ။ သွေးသည် အသက်၊ အသက်သည် သွေးတဲ့ အသက်နှင့်ထပ်တူ ကျေးဇူးတရားတွေကို ဆပ်ချင်နေမိတာပါ။ ဒါကြောင့် ဖေဖေနဲ့မေမေ ကိုလည်း သမီးလို ဗုဒ္ဓစာပေတွေကို ထဲထဲဝင်ဝင် လေ့လာနိုင်ပြီး အကျင့်ဘာဝနာမှာလည်း ယခုသမီးခံစား ရရှိခဲ့တဲ့ အခြေခံတရား အရသာ အနည်းငယ်ထက် ပိုမိုပြီး ငြိမ်းချမ်းမှု အပြည့်အဝ ရရှိခံစားနိုင်တဲ့တရား အရသာ ခံစားစေချင်လိုသောဆန္ဒမျိုးပါ။

ဒီနောက်မှာတော့ လောကီလောကုတ္တရာ နှစ်ဖြာလုံးမှာ နေနည်းကျင့်နည်းတွေကို သင်ကြားဆုံးမ သွန်သင်ပေးခဲ့ပါသော (ပေးနေဆဲလည်း ဖြစ်ပါသော) ဆရာကြီးနှင့် ဆရာမကြီး တို့ကိုလည်း ပိုမိုပြီးကြည်ညိုလေးစား ချစ်ခင်လာရပါတယ်ရှင်။ သင်တန်းမှာ ဆရာကြီးထုတ်ထားတဲ့ ဆောင်ပုဒ်တစ်ခု ရှိတယ်။“စာသင်ရင်းအားထုတ်၊ အားထုတ်ရင်းစာသင်” တဲ့။ ဆရာတော်ဦးဇောတိက ရဲ့စာအုပ်တစ်အုပ်ထဲမှာလည်း ဖတ်ခဲ့ရဘူးတယ် ။ (The great aim of education is not knowledge, but action.) အသိပညာ အတတ်ပညာရှာဖွေ သင်ကြားခြင်း၏ အကြီးမားဆုံး ရည်ရွယ်ချက်သည် ဗဟုသုတ ရရှိရုံသက်သက်မဟုတ်၊ လက်တွေ့လိုက်နာ ကျင့်ဆောင်ရန် ဖြစ်ပါသည် တဲ့။ ဒါကြောင့်မို့လေ (The more I know him, The more I love him) သူတို့အကြောင်းတွေ ပို၍သိလေလေ သူတို့ကို ပိုမို၍ ကြည်ညိုလေးစား ချစ်ခင်လေလေ ဖြစ်ရတာပါရှင်။

နောက်ထပ် စိတ်ထဲခံစားမိတာလေးလဲ ပြောပြချင်ပါတယ်။ တစ်ခုခုကို လုပ်ချင်တာ ပေါ်လာရင် အကြောင်းအကျိုး အကောင်းအဆိုးကို ဆရာတွေနဲ့ စိတ်ထဲကနေ တိုင်ပင်ကြည့်မိတာပေ့ါ။ တိုက်ဆိုက် လေသလား မသိ၊ မကြာပါဘူး။ ဆရာများက ကြိုသိနေသလိုပဲ၊ လမ်းပြပေးပြီး တည့်မတ်ပေးတယ်၊ နည်းလမ်းကောင်း

တွေကို ပေးနေသလို ခံစား မိလာတယ်။ အဲ့ဒါကြောင့် မကောင်းတာတစ်ခုခု လုပ်မိတော့မယ် ဆိုရင်တောင် ဆရာတွေရဲ့ မျက်နှာကို ရဲရဲမကြည့်ရဲခဲ့ဘူး ကြောက်နေမိတယ်။ ဒီအချိန်မှာ ကိုယ့်စိတ်ကိုလည်း ပြန်ကြည့်နေမိတတ်လာတယ်။ ပြုလုပ်တော့မဲ့ ကာယကံမှုတွေကို စင်ကြယ်အောင် သတိလေး ကပ်ပြီးတော့ ဆင်ခြင်ပြီးတော့မှ စိတ်ကို ဖြေနိုင် လာရပါတယ်။ ဒီအခါမှာ သူ့အကျိုး ကိုယ်အကျိုး နှစ်ဦးနှစ်ဖက် အကျိုးမရှိတဲ့ အပိုစကားတွေကို ပြောရတာကိုလဲ ငြီးငွေ့ချင်လာပါတယ်။ ဘယ်သူ့ကိုမှ အကြောင်းမရှိဘဲ စကားကို မပြောချင်တော့တဲ့ စိတ်မျိုးတွေ ဖြစ်လာမိပါတယ်။ ဒါပေမဲ့လဲလေ “လောကီသား”ဆိုတဲ့အတိုင်း ဆက်ပြီးကြိုးစား အားထုတ် နေရအုံးမှာပါ ဆိုပြီး ကိုယ့်ကိုယ်ကို အမြဲသတိပေး နေမိပါတယ်။

ဒီလိုမျိုးတွေးမိ၊ စဉ်းစားမိအောင်ဘေးကနေ အထပ်ထပ် သတိပေးတတ်တဲ့ ဓမ္မမိတ်ဆွေတွေကိုလဲ ကျေးဇူးတင်မိပါတယ်။ ကလျာဏမိတ္တရှိခြင်းရဲ့ အကျိုးပဲပေါ့။ ဓမ္မ မိတ်ဆွေတစ်ယောက်က စာလိုမမှတ်နဲ့ ခန္ဓာနဲ့ တိုက်ညှိပြီး ထည့်ထားပါပေါ့။ ကိုယ့်ထဲမှာ ရှိရင်လိုတဲ့ အချိန်ထုတ်သုံးလို့ရတာပေါ့တဲ့။ အဲဒီတုန်းက အပြည့်အဝ နားမလည်သေးလို့ လက်မခံချင်ခဲ့ဘူး။ နောက်တစ်ဦးရဲ့ သတိပေး အတွေးအမြင် စာလို့ ထင်ပါတယ်။

- အစားထိုးမရတဲ့ ဆုံးရှုံးမှု နှစ်ခုသာရှိတယ်။ အဲ့ဒါ မိဘနဲ့အချိန်ပဲ။

- နေသလိုဖြစ်တဲ့ ဘဝမှာ ဖြစ်သလိုမနေပါနဲ့။

- မိဘဒုက္ခ သုပ်မစားနဲ့ မိဘမျက်ရည် ဟင်းချိုလုပ်မသောက်မိစေနဲ့. . . တဲ့ အလိုလေး အရမ်းကို ထိပ်လန့်သံဝေဂ တရားရမိခဲ့တယ်။ အဲဒါကြောင့် မိဘတွေကို ကိုယ်တိုင်တောင် သတိမရှိ၊ အသိမိဘဲ ကံသုံးပါးနဲ့ ပြစ်မှားမိခဲ့တာတွေကိုလဲ ဦးနှိမ်ဝန်ချတောင်းပန်မိခဲ့တာပါ။ ဓမ္မကပေးတဲ့ ဉာဏ်အလင်းရဲ့ ကျေးဇူးတရားတွေပဲပေါ့။

ကျွန်မ ဒီနှစ်နောင်ချို သင်္ကြန်အထူးတရားစခန်းလိုက်ဖြစ်ခဲ့ပါတယ်။ နောင်ချို တရားစခန်း (ပရိယတ် + ပဋိပတ် ပူးတွဲလေ့ကျင့်ခြင်း)ရဲ့ အကျိုးကျေးဇူးတွေကို ပထမအကြိမ် မနှစ်ကတုန်းက (ဣနေ္ဒြမရင့် သေးလို့ ထင်ပါတယ်) ပေါ့ပေါ့လေးပဲ ခံစားမိခဲ့ရပါတယ်။ ဒီနှစ်ကျတော့ မနှစ်က ပထမအကြိမ်ရဲ့ အာသေဝန ကျေးဇူး



တွေကြောင့် မှတ်မှတ်ထင်ထင် လေးလေးနက်နက် ထားမိခဲ့ပါတယ်။ ပထမနှစ်က စာကိုအဓိကထားခဲ့တာပေါ့။ ဒီနှစ်မှာ ဆရာမကြီးရဲ့ စကားတစ်ခွန်းကလည်း “မဖြစ်ဖူးဆိုတာ မရှိဘူး၊ လုပ်ရင်ဖြစ်တယ်” ဆိုပြီး ပဋိပတ် အကျင့်အတွက် တွန်အားပေးခဲ့လို့ ကိုယ့်ကိုယ်ကို ပိုပြီး ယုံကြည်ချက်ခိုင်မာစေခဲ့ပါတယ်။ ဆရာ၊ ဆရာမကြီးတို့ အမြဲတမ်းဆုံးမနေတဲ့ တရားနာကြဖို့။ စာသင်နေရင်လည်း ရိုရိုသေသေ စူးစူးစိုက်စိုက်နဲ့နာယူသင်ကြားဖို့။ ယောနိသောမနသိကာရ ထားရှိတတ်ရမယ် စသည်ဖြင့် နည်းလမ်းကောင်းများစွာကလည်း အများကြီးကို အထောက်အကူဖြစ်စေ ခဲ့ရပါတယ်။ ဆရာတွေ အကြိမ်များစွာ ပြောနေကျစကား **“အသိလေးတစ်ချက် ရသွားရင် အဲ့ဒါဉာဏ်တက်သွားတာဘဲ”** ဆိုတာကိုလည်း အရင်တုန်းက ကောင်းကောင်း နားမလည်ခဲ့ဘူး။ အခုနည်းနည်းလေး ပိုသိလာတာက ပါမောက္ခချုပ် ဆရာတော်ဘုရားကြီးရဲ့ တရားခွေတွေနာခြင်းရဲ့ အကျိုးတွေလည်း ရခဲ့လို့ဖြစ်မှာပါ။

အဲ့ဒီလို အသိမျိုးလေးတွေ စုစုပြီး အာသေဝန သတ္တိထူးတွေနဲ့ ကျေးဇူး ပြုနေတာတွေကို ဆင်ခြင်စဉ်းစား တွေးရင်းတွေးရင်း မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူး တွေကဟာ အရမ်းကို ကြီးမားပါလား ပြော၍ပင် ကုန်နိုင်ဖွယ် မရှိ။ “ကြားနာရုံတင် အပူစင် ကျင့်ရင် အဘယ်ဆိုဖွယ်ရှိမည်နည်း” ဆိုသလို အရမ်းကို ကြည်နူးဝမ်းသာ အေးချမ်းမှုဖြစ်လိုက်ရတာ ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ ကိုယ့်ဘဝရဲ့ တန်ဖိုးရှိတဲ့ အသိလေးတစ်ချက်ရခဲ့တာကို ကျေနပ်လို့ မဆုံးဘူး။ ပရိယတ္တိစာတွေ နက်နက်ရှိုင်းရှိုင် သင်ယူရလေလေ ဓမ္မရဲ့အရသာကို ပိုမိုနက်နက်ရှိုင်းရှိုင်း ထိထိမိမိ ခံစားရလေပါဘဲ။ ပဋိပတ္တိ အနေနဲ့လဲ ဆရာသမားကောင်းရဲ့ အကူအညီနဲ့ ဗုဒ္ဓနည်းကျ နည်းမှန်လမ်းမှ ကြိမ်ဖန်များစွာ ကြိုးစားပွားများ လေ့ကျင့်နိုင်မယ် ဆိုရင်လေ ဆရာမကြီးတို့ ပြောနေကြစကားဖြစ်တဲ့ “လုပ်ယူစရာ မလိုဘူး၊ တရားက သူ့ဟာသူအောင်သွား တာပဲ” ဆိုပြီး သိရှိခံစားမိလိုက်တော့ ကျေးဇူးအနန္တတွေနဲ့ နောင်ချိုစခမ်းကနေ မပြန်ချင်ခဲ့ဘူး၊ မနှစ်ကတော့ ပြန်ရမှာကို ပျော်ခဲ့မိပါတယ်။

နောင်ချိုစခမ်းရဲ့ နောက်ဆုံးနေ့ညကိုတော့ ကျွန်မရဲ့ ဘဝတစ်သက်တာမှာ ဘယ်တော့မှ မေ့မရအောင် ရင်ထဲမှာ ရင်ခတ်တံဆိပ်ရိုက်နှိပ်ထားမိပါတယ်။ ကျွန်မနှလုံးသားမှာ ဘုရားတည်နိုင်ခဲ့လို့ ဖြစ်မယ်ထင်မိတယ်။ အဘိဓမ္မာ

ကမ္ဘာရယ်လို့ ခြောက်မျိုးရှိပါသတဲ့။

ဒီပင်္ကရာဘုရားပွင့်တော်မူပြီးနောက် မဟာကပ်ကမ္ဘာများစွာ ဘုရားမပွင့်တဲ့ သုညကမ္ဘာချည်းသက်သက် မရေတွက်နိုင်အောင်ရှိပြီး ဒီပင်္ကရာဘုရားမှ ကောဏ္ဍညဘုရားထိကာလ၊ ဂေါတမမြတ်စွာဘုရားလောင်းပါရမီ ဖြည့်ကျင့်ရာကို တစ်အသင်္ချေ၊ အဲဒီနောက် သုညကမ္ဘာပေါင်းများစွာနဲ့ အနောမဒဿီဘုရားထိ ပါရမီဖြည့်ရာကာလကို တစ်အသင်္ချေ၊ ထိုနောက်သုညကမ္ဘာပေါင်းများစွာနဲ့ အနောမဒဿီမြတ်စွာဘုရားမှ ပဒုမုတ္တရ မြတ်စွာဘုရားပွင့်ပြီးတဲ့ ကမ္ဘာမှ လက်ရှိဘဒ္ဒကမ္ဘာတိုင် မဟာကပ်ကမ္ဘာတစ်သိန်းရှိလို့ ဂေါတမဗုဒ္ဓပါရမီဖြည့်ရာ ကာလဟာစုစုပေါင်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

သာရမဏ္ဍကမ္ဘာမှာ နောက်ဆုံးလေးဆူမြောက်ပွင့်တဲ့ ဒီပင်္ကရာဘုရားကနေ ဘဒ္ဒကမ္ဘာမှာ သုံးဆူမြောက် ပွင့်တဲ့ ကဿပမြတ်စွာဘုရားထိ နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားများထံမှာလဲ စကြာမင်းဘဝ၊ ပုဏ္ဏား ပညာရှိ ဘဝ၊ နဂါးမင်းဘဝ၊ ဘီလူးစစ်သူကြီးဘဝ၊ ခြင်္သေ့မင်းဘဝ၊ ရသေ့ဘဝ၊ မင်းဘဝ၊ သိကြားမင်းဘဝ စသဖြင့် ဘဝအဆက်ဆက်မှာ ထပ်ကာထပ်ကာဗျာဒိတ်ခံယူခဲ့ပါသည်။ သုညကမ္ဘာ လေးအသင်္ချေမှာလဲ ဘဝတိုင်း ဘဝတိုင်း ပါရမီတော်ဆယ်ပါးဖြည့်ကျင့်ဆည်းပူးပြီးမှ ဒီပင်္ကရာဘုရားပွင့်ရာ သာရမဏ္ဍကမ္ဘာမှသည်ဘဒ္ဒကမ္ဘာမှာ နှစ်ကျိပ်ရှစ်ဆူမြောက် ဂေါတမ သဗ္ဗညုဘုရားအဖြစ် ပွင့်လန်းလာပါတယ်။

သုမေဓာရှင်ရသေ့ဘဝကနေ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရာ ကာလမတိုင်မီကလဲ ဘုရားဖြစ်လိုကြောင်း စိတ်ဖြင့်ဆုတောင်းခဲ့တာက ကမ္ဘာပေါင်း ခုနှစ်အသင်္ချေတဲ့။ စိတ်ထဲတင်မကဘဲ နှုတ်နဲ့ အားရပါးရ ဒီကုသိုလ်ပြုရခြင်းကြောင့် သဗ္ဗညုဘုရားဖြစ်ရပါလို၏လို့ ဆုတောင်းတဲ့ အချိန်ကာလလဲ ကမ္ဘာပေါင်း ကိုးအသင်္ချေတဲ့၊ ပဉ္စမခုနှစ် အသင်္ချေမှာ ဘုရားပေါင်း ၁၂၅၀၀၀ ဆူ၊ ဒုတိယ



ကိုယ့်မိသားစုနဲ့ပါ နွေးနွေး ထွေးထွေး မနေတတ်ခဲ့ဘူး။ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒတွေကိုလ မပြောပြရဲခဲ့ဘူး ရှက်တယ်၊ ကြောက်တယ်လို့ ထင်ထားခဲ့တာ။ အဘိဓမ္မာ တက်ဖြစ်တော့မှ မကောင်းမှုပြုရမှာရှက်တာ (ဟိရီ)၊ မကောင်းမှုလုပ်ရမှာ ကြောက်တာ (ဩတ္တပ္ပ) ဆိုတာ တွေကအစ ခွဲခြားပြီးသိလာရပါတယ်။ ဒီလိုမျိုးစာတွေရေးဖို့ဆိုတာ စဉ်းတောင်မစဉ်းစားခဲ့ မိဘူး။ ကျောင်းနေတုံးက စာစီစာကုံးကောင်းကောင်း မရေးတတ်ခဲ့တာ အမှန်ပါ။ ခင်ပွန်းကြီးဆယ်ပါးနှင့်တကွ ကျေးဇူးတင်သင့်သူအားလုံးကို ကျေးဇူးဆပ်ချင်လို့ ရေးဖြစ်အောင်ရေးခဲ့တာပါ။ ကျွန်မလို အမှားမျိုးတွေ မကြုံမိအောင် "ခန္ဓာနှင့် ရင်းပြီးရခဲ့တဲ့ အဖိုးတန်တဲ့ တရားအသိ၊ အသိတရားလေးတွေကိုလဲ သိစေမျှဝေပေးချင်လို့ပါရှင်"။

ဓမ္မဒီပရဲ့ ကျေးဇူးကြောင့် နှလုံးသားမှာ ဘုရားတည်နိုင်ခဲ့ရလို့---

သာသနာအကျိုးကို တဒေါင့်တစ်နေရာကနေ အစွမ်းရှိသ၍ နိုင်ရာဝန်ကို ထမ်းရွက်ချင်လို့--

ဒီလိုစွမ်းဆောင် ထမ်းရွက်နိုင်သူဖြစ်ရပါစေ--- ဟူ၍

**သမီး/တပည့်**

**ဓမ္မဒီပ–မူကြိုကျောင်းသူ**

×××××××

## အမရပူရမြို့
## ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်
## အရှင်ဇနကာဘိဝံသ၏
## ပရမတ္ထတရားများကို လေ့လာသင့်ပုံ

"စိတ် စေတသိက် ရုပ် နိဗ္ဗာန်"ဟူသော ပရမတ်တရားလေးပါးသည် ရှင်တော် ဘုရား ပွင့်တော်မူမှသာ ကွဲကွဲပြားပြားသိရသော တရားများဖြစ်၏။ ရှင်တော်ဘုရား

မပွင့်သောအခါ၌ (သို့မဟုတ်) ဘုရားရှင် ပွင့်တော်မူသော်လည်း ဘုရားရှင်၏ တရားတော်များ မပျံ့နှံ့ရာ အရပ်၌ ဖဿ ဝေဒနာ စသောတရားများကို ကွဲကွဲပြားပြား နားလည်ဖို့ကို မဆိုထားဘိ, နာမည်မျှလောက်ပင် မထင်ရှားချေ။

ထို့ကြောင့် ဘုရားရှင်၏ တရားတော်များ ပျံ့နှံ့၍ နေရာဖြစ်သော မြန်မာနိုင်ငံဝယ် နေထိုင်ကြသူတို့သည် အလွန်သိဖို့ ခဲယဉ်းလှသော ပရမတ္ထသဘော တရားများကို လေ့လာသင့်ကြပေသည်၊ ထိုသို့ လေ့လာရာ၌ ပညာတစ်ရပ် အနေအားဖြင့် ဖြစ်စေ, ရုပ်တရား နာမ်တရား ပညတ်တရားတို့ကို ကွဲကွဲပြားပြား နားလည်၍ အထပ်တန်းကျသော သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်, ပဋ္ဌာန်းကြောင်းကျိုး ဆက်စပ်ပုံကို သိရှိကာ ဝိပဿနာအလုပ်ကို အားထုတ်လိုသော ဆန္ဒဖြင့်ဖြစ်စေ, ပါရမီအစစ်အမှန်ကို ဖြည့်ကျင့်လိုသော ဆန္ဒဖြင့်ဖြစ်စေ, မည်သည့်ရည်ရွယ်ချက်ဖြင့် လေ့လာသည်ဖြစ်စေ အသိဉာဏ်တိုးပွား၍ အကျိုးများမည်မှာ ဧကန်ဖြစ်ပါသတည်း။

××××××××××

## ပါရမီဖြည့်ရာအသင်္ချေကမ္ဘာ

ဂေါတမမြတ်စွာဘုရားလောင်းဖြစ်တဲ့ သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံယူပြီး နောက်မှာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလ၊ ဘဝအမျိုးစုံနဲ့ ပါရမီဖြည့်ခဲ့ရတယ်။ အသင်္ချေဆိုတဲ့ကာလဟာလဲ လေးမျိုးရှိသတဲ့။

(၁) ဂဏနအင်္ချေ = ဂဏန်းသင်္ချာသုံးဖြစ်ပြီး တစ်အသင်္ချေဟာ တစ်နောက်မှာ သုညပေါင်း“၁၄၀”ရှိတယ်။

(၂) အနုမာနအသင်္ချေ=မှန်းဆရေတွက်တဲ့ အသင်္ချေဖြစ်တယ်။ ဥပမာ-သုံးရက် တိုင်တိုင် အဆက်မပြတ်ရွာသွန်းတဲ့ မိုးရေပေါက် အရေအတွက် မျိုးပါ။

(၃) ကပ္ပအသင်္ချေ = ကမ္ဘာကြီးဖြစ်မှုပျက်မှုနဲ့ဆိုင်ပါတယ်။ ကမ္ဘာကြီး



ပျက်ဆဲလောက၊ ပျက်တဲ့အတိုင်းတည်နေတဲ့ကာလ၊ ပြန်လည်ဖြစ်တည်တဲ့ကာ၊ ဖြစ်တည်ပြီးတဲ့အတိုင်း တည်နေ ကာလလို့(၄)မျိုးရှိပြီးအသင်္ချေယျကပ်တစ်ခုစီရဲ့ကာလဟာ ပိုင်းခြားရေတွက်ဘို့ခက်ပါသတဲ့၊ မြတ်စွာဘုရား ဥပမာ ပေးတာကတော့ အလျား၊ အနံ၊ အမြင့် ရှစ်မိုင်စီရှိတဲ့ ကျောက်တုံးကြီးကို ဂွမ်းစလေးနဲ့ အနှစ်တစ်ရာမှာ တစ်ကြိမ် လာတို့လို့ အကြိမ်ပေါင်းများစွာ ထိတို့မှုကြောင့် ကျောက်တုံးကြီးကုန်ခမ်းချင်ခမ်းမယ်။ အသင်္ချေယျကပ် တစ်ခုမကုန်သေးဘူးတဲ့။ အဲဒီအသင်္ချေယျ ကပ်လေးခု ပေါင်းကိုမှ မဟာကပ်ကမ္ဘာ(တစ်ကမ္ဘာ)လို့ သတ်မှတ် ပါတယ်။

(၄) ဗုဒ္ဓအသင်္ချေ = ဘုရားတစ်ဆူ ပါရမီဖြည့်ရာကာလဖြစ်ပါတယ်။ မဟာကပ် ကမ္ဘာပေါင်း ဘယ်လောက်ဆိုတာ အတိအကျ ပိုင်းခြား ပြောလို့မရပါဘူး။ ပွင့်တော်မူတဲ့ ဘုရားရှင်ပေါ်မူတည်ပြီး ကွဲပြားသွားပါတယ်။ ပညာဓိက ဘုရားမျိုးဆိုရင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိက ဘုရားမျိုးဆိုရင် ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဝိရိယာဓိက ဘုရားမျိုးဆိုရင် တစ်ဆယ့်ခြောက် အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြစ်ပါတယ်။

ဘုရားပွင့်မှု၊ မပွင့်မှုနဲ့ ပတ်သက်ပြီးတော့လဲ သဗ္ဗညုဘုရားလုံးဝပွင့်တဲ့ ကမ္ဘာ သုညကမ္ဘာ၊ တစ်ဆူပွင့်တဲ့ ကမ္ဘာကို သာရကမ္ဘာ၊ နှစ်ဆူပွင့်တဲ့ ကမ္ဘာကို မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်ရင် ဝရကမ္ဘာ၊ လေးဆူပွင့်ရင် သာရမဏ္ဍကမ္ဘာ၊ ငါးဆူပွင့်ရင် ဘဒ္ဒ

မင်းဂုဏ် မတ်ဂုဏ် သူဋ္ဌေးဂုဏ်
လူဂုဏ် နတ်ဂုဏ် ဗြဟ္မာဂုဏ်
ရွှေဂုဏ် ငွေဂုဏ် ပစ္စည်းဂုဏ်
လင်ဂုဏ် မယားဂုဏ် သားသမီးဂုဏ်
ရာဂဟုန်အစဉ်
ကာမ ကို တကယ်ဂုဏ်ထင်၍
ခင်မင်စုံမက် တစ်ခါတလေများ
စိတ်အပျက်ကြီးပျက်ပြီး
မောပြီ တော်ပြီလို့ မည်း
ထပ်ခါ ထပ်ခါ မပြီး
စည်းစိမ်ကို အထင်ကြီး
အမြင်ကြီးမြင်နိုင်ကြပါပေတယ်။
သတိလဲပြု ဂရုလဲထား
တရားကိုလဲအူပါအောင် နှလုံးသွင်း
ရူပါရုံအဆင်းကတော့ သံလိုက်သံညှပ်
အမှန်ကြိုက်တဲ့ အသံဓာတ်ကတော့ ကျော့ကွင်း
အနံ့တွေလှိုင်ပြန်သင်းပျံ့တော့ လက်ထိပ်
အဆိပ်မိပြန်တာ အရသာ
ဖောဋ္ဌဗ္ဗတဏှာဆိုတာက မှိုင်းဆေး
မပြေးနိုင်မခွာနိုင် မဟာမြိုင်တောအုပ်ခရီးကို
မင်းနေပြည်တော်ကြီးဟု ပူမီးစုံဧကန်
လူမမှန်တဲ့ ဘီလူးအစစ်
ခေတ္တာအငှားဖြစ်ကြတဲ့ နေအိမ်စားအိမ်ကို
ရွှေအိမ်ပတ္တမြားအိမ်လို မမူးယစ်ကြနဲ့



ကိုးအသင်္ချေမှာ ဆုပန်တဲ့ဘုရားပေါင်းက ၃၈၇၀၀၀ ဆူ စုစုပေါင်း ၅၁၂၀၀၀ ဆူ (ပဉ္စသတသဟဿနိ၊ ဒွါဒသဉ္စသဟဿကေ)သော ဘုရားများဆီမှာ ဆုပန်ခဲ့တာပေါ့။ သုမေဓာရှင်ရသေ့ဘဝကနေ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးစလုံးနဲ့ အရိုးကြေကြေ အရေခမ်းခမ်းပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန်းခြင်းကြီး(၅)ပါး၊ စရိယသုံးပါးကို လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းဖြည့်ဆည်းခဲ့ပြီး နှစ်တစ်ချိုက်ဆူမြောက် ဂေါတမမြတ်စွာဘုရားရယ်လို့ ပွင့်ပေါ်လာပါတယ်။ ဒါကြောင့်များစွာသော ဘုရားများလို့ အမိပွါယ်ရတဲ့ သမ္ဗုဒ္ဓေဂါထာမှာ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသောဘုရားများကို ကန်တော့ပါ၏လို့ ရေးသားပူဇော်ခြင်း ဖြစ်ပါတယ်။

ဒါတောင် ဂေါတမ ဗုဒ္ဓနဲ့နွှယ်ရာဘုရားများဖြစ်ပြီး ကျန်ဘုရားများနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ဘုရားများလဲ ပွင့်ထွန်းကြမှာမို့ ဂင်္ဂါဝါဠု သဲစုမကသော ဘုရားများလို့ တင်စားပြောကြတာနဲ့ တူပါတယ်။ ကျမတို့ ဘဒ္ဒကမ္ဘာမှာ ငါးဆူမြောက် နောက်ဆုံးပွင့်လာမဲ့ ဘုရားကတော့ နှစ်ကျိတ်ကိုးဆူမြောက်သော အရိမေတ္တေယျမြတ်စွာဘုရားဖြစ်ပါတယ်။

ဘုရားတွေ အဆူဆူပွင့်ခဲ့သော်လည်း အဝိဇ္ဇာဥခွံကြီးက ဖောက်မထွက်နိုင်လို့ ကျွတ်လွတ်ခွင့်မရသေးတဲ့ ကျမတို့ တစ်တွေဟာ “စပယ်တဲ့ လေးရုံ၊ မမလေး မပန်ထိုက်တယ်၊ ပန်းပြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန်၊ တစ်ငုံကျန်ပါသေး၊ ပန်ချင်သူညိုညိုထွေးရယ်၊ ခေါင်းဖီးခဲ့လေး” လို့ ဆိုတဲ့အတိုင်း ဒါန၊ သီလ၊ ဘာဝနာ အဖြာဖြာနဲ့ ပါရမီတွေ ဆည်းပူးကြပါ။ ဆရာတော်ကြီးများ၊ ဆရာကြီးများ အဆုံးအမ လမ်းညွှန်မှု၊ ဆရာကောင်းများဖြစ်ကြသော ကျမတို့ ဓမ္မဒီပက ဆရာကြီးဒေါက်တာ ဦးခင်မောင်ကြည်၊ ဆရာမကြီးဒေါက်တာချိုချိုမာတို့ ဥပနိဿယ အထောက်အပံ့နဲ့ “စာသင်ရင်းအားထုတ်၊ အားထုတ်ရင်းသင်” ဆောင်ပုဒ်အတိုင်း ပရိယတ်အခြေခံခဲ့သော ပဋိပတ်အကျင့်များ ကျင့်သုံးနိုင်ဘို့ ကိုယ့်ကိုကိုယ်လဲ တိုက်တွန်းပါတယ်။

ဓမ္မမိတ်ဆွေများကိုလည်း တိုက်တွန်းပါရစေ။

အရာရာမှာ အသိဉာဏ်နဲ့ အမှန်ကို ကျင့်ကြံအားထုတ်မှသာ ထမြောက်အောင်မြင်နိုင်ပါတယ်။ အသိမမှန်ရင် အကျင့်အကြံလွဲမယ်၊ အကျင့်အကြံလွဲမှားရင် ကျင့်သလောက် ကြံသလောက်အလွဲအမှားကိုသာ ရောက်မှာပါ။ တစ်ခါ အသိအလိမ္မာ ဉာဏ်ပညာရှိပါလျက် သိသလောက်ကျင့်ကြံ အားထုတ်မှုမရှိရင်လဲ လောကီလောကုတ္တရာနှစ်ဖြာလုံးမှာ အောက်ကျနောက်ကျဖြစ်မှာပါ။ အသိဉာဏ်သဘောတရားဟာ မျက်စိနဲ့တူပြီး လက်တွေ့အကျင့်တရားက ခြေနဲ့တူပါသတဲ့။ အသိဉာဏ်မျက်စိ ရှိပါသော်လည်း လက်တွေ့အကျင့်တရား ခြေမရှိရင်သော်လည်းကောင်း၊ အကျင့်တရားခြေရှိပါသော်လည်း အသိဉာဏ်မျက်စိ ရှိပါသော်လည်း လက်တွေ့အကျင့်တရား ခြေမရှိရင်သော်လည်းကောင်း၊ အကျင့်တရားခြေရှိပါသော်လည်း အသိဉာဏ်မျက်စိမရှိရင်သော်လည်းကောင်း၊ ခရီးမတွင်နိုင်၊ လမ်းမှန်မရောက်နိုင်ပါ။ ဒါ့ကြောင့် အသိမှန်အကျင့်မှန်နဲ့ လိုရာပန်းတိုင် လှမ်းကိုင်နိုင်ကြပါစေ။ ဆရာကောင်းတပည့်၊ ပန်းကောင်းပန်၊ နောက်ဆံတဝင့်ဝင့် ရှိနိုင်ကြပါစေလို့လဲ ဆုမွန်ချွေလိုက်ပါတယ်။ ပန်းပန်လှဖို့လဲ ခေါင်းဖီးထား၊ ဆီလိမ်းပြုပြင် ပြင်ဆင်ထားကြပါစို့လို့လဲ နှိုးဆော်ပါတယ်။ အောင်ဘိသိက်ပန်း မဂ်ဖိုလ်များကို ဆွတ်ခူးပန်ဆင်နိုင်ကြပါစေ။

**သာကီဝင်း**

×××××××××



# ကာမတောကို ဖြတ်ကျော်ခြင်း

အစမထင် အဆုံးမရှိ
သံညှပ်နှင့် မြှုံးတွင်မိကြသည့်
ကျီးမိုက်နှင့် ငါးအသွင်
ကာမဂုဏ်တဏှာ
အာရုံအစာကို ခင်မင် ကြပါသော
အိုသံသရာခရီးသွား ယောဂီအပေါင်းတို့ -
အပြစ်ရှိတာကို အစစ်မသိ
အနှစ်မရှိတာကို အနှစ်ရှိတယ်လို့
ဖြစ်မိဖြစ်ရာ ချစ်မိချစ်ရာ
စုံမက်ကာ ပျော်နိုင်ကြပါကုန်သော
အိုသံသရာခရီးသွား ယောဂီအပေါင်းတို့ -
အဆင်းကို မြင်ပြန်တော့ အနားကမသွား
အသံကိုကြားပြန်တော့ မခွာနိုင်
အနံ့တွေလှိုင်ပြန်တော့ မပြန်ချင်
အရသာခင်မင်လို့ အမေ့ကြီးမေ့
ဖောဋ္ဌဗ္ဗာရုံအတွေ့ကြတော့ အရူးကြီးရူး
အမူးကြီး မူးရှာကြ
ဘီလူးမလက်တွင်းက မလွတ်နိုင်အောင်
စက်ကွင်းမိကြလျက်
လူထင်သရွေ့ အငွေ့အာရုံ
ကာမဂုဏ်ဆိုတဲ့ ရွှံ့ညွှန်ဗွက်၌

စိတ်ထင်တိုင်း ပိတ်ပင်ခိုင်းပြီး
လက်နက်စုံအာဏာရေးနဲ့
တချက်လွှတ် အမိန့်ပေးဖို့လည်း မမြင်
ထင်သလိုသဘောအနေအထားအားဖြင့်လည်းကောင်း
စားချင်လို့ လျက်ချင်လို့
နမ်းရှုဖို့ နှမ်းမြူမှုမဖြစ်
အသုဘစင်စစ် အနှစ်မရှိသောအနေအားဖြင့် လည်းကောင်း
ကံစင်ပြီး ဉာဏ်မြင်အောင်
သမ္ဗဇဉ်နှင့်ရှုကြကုန်ရာလော။
ငရဲယ စိတ် ယအတ္တ
ခွဲစိတ်ခါ ဖြတ်ကြဖို့
အနတ္တ ဒီခန္ဓာ သူလည်းမဆိုင်
ငါလည်းမပိုင် ဉာဏ်ဗောဓိမဏ္ဍိုင်ကို
မဂ်ဖိုလ်တိုင် လက်ကိုင်မိရန်
စွဲဒိဋ္ဌိမြူမနှောက်ဘဲ
သြော် လူပျောက်အောင် ရှုမြင်ကြပါကုန်လော။

**ဒေါက်တာဦးခင်မောင်ကြည်**
**(ဓမ္မဒီပ)**

◆◆◆◆◆



အထူးမချစ်ဖို့ ဒုက္ခတွေ့ဆုံ
ပျော်သံ မော်သံတွေနဲ့ ခံစားတဲ့ဘုံ
ခေါ်သံအော်သံတွေကလဲ နားမှာထုံ
ကလေးသံ သွေးသံတွေကိုဖြင့် ကြောက်ကြတော့ ယောဂီစုံ
အရိယာတွေရှောင်ကြတဲ့လူ့ဘဝမီးပုံကြီးဘဲ ။
ပရိတ်ချည် ပရိတ်သဲ ပရိတ်ပန်းပမာ
ဝိပဿနာ ဘာဝနာ လက်နက်အစစ်
မဂ်ဉာဏ်ဖိုလ်ဉာဏ်အနှစ်ကို ရလိုကြသော ယောဂီအပေါင်းတို့ -
ဆရာမှာတဲ့ အနတ္တ
အလောင်းတော် တေလပတ္တကဲ့သို့
တောအုပ်ကိုမြင် လက်နက်စုံ ကိုယ်စီ ပြင်ကြလျက်
မြေကတုတ်ခတ် မြန်မြန်လုပ်
အဟုတ်ချက်ချင်း လွတ်ကင်းအောင် ကွင်းလိုက်ကြကုန်လော
ဘီလူးတို့နေရာ လူပျော်ရာလို့တော့
တကယ်မမှတ်ကြနဲ့ အပါယ်ဇာတ်တစ်ခါကြုံ
ကာမဂုဏ် အဆိပ်တောကကြီးသမို့
ဘီလူးစည်း လူ့စည်းနှစ်စည်း အမြင်ခြားပြီး
ထီးဘုရင်ဘုရား ဗောဓိအလောင်း
တေလပတ္တကဲ့သို့
ယောဂီအပေါင်းတို့
မသေရအောင် စည်းခြား ကာရှောင်
မခြားလဲ မသာကောင်ဟု
တဏှာမှောင်တောနက်က ဝေးကြရအောင်

ညှော် ကွေကွင်းကာ ပြေးရှောင်ကြ ကုန်လော။ ။

ယောဂီအပေါင်းတို့
တဖန်မလောင်းအပ်သည်ကိုပြု၍
အတွင်းအနားရစ်နှင့် တကွ
ဆီပြည့်နေသော ဆီခွက်ကို
မဖိတ် မစဉ်အောင် သတိနှင့်ယူ ဆောင်တဲ့
အမောင်ယောကျ်ားကဲ့သို့
ထို့အတူ အစမထင်သံသရာ၌
မရောက်ဖူးသော နိဗ္ဗာန်ကို
စိတ်ကြံရွယ် တောင့်တတဲ့ ယောဂီ ဟာ
မိမိစိတ်ကို စောင့်ရှောက်ရာ၏။
ဆရာကောင်းထံ နိဿရည်းခံ၍
လမ်းမှန်သိမြင် တရားရှာကြတဲ့ ယောဂီအပေါင်းတို့-
ဟောဒီ ရုပ်သားစုခန္ဓာမှာ
ကမ္ဘာတိုင်း သံသရာကို
ဘယ်ခါမှမခွဲမခွာ
အစွဲကြီးစွဲလာကြ
တဏှာနဲ့မာန
ဝဲယာ တွဲဖက်ပြုပြီး
စွဲချက်ပထမ
ဗဟိုအလယ်ကျကျကြီး
ငရဲပိုင် အတ္တဒိဋ္ဌိမီးကို



ကာမဂုဏ်အဆိပ်မီး
ဣတ္ထိနှင့် ပုရိသယ ငါ ယူမိသမျှ
အမှားကြီးမှားပြီလို့
အပါယ်မလားရအောင်
ပဟာနပရိညာစခန်းဖြင့်
ပယ်ရှား ကြကုန်လော။
ခန္ဓာငါးပါး ရုပ်နာမ်ခေါ် သဘာဝတရားတို့ကို
ဆွေမတော်မျိုးမစပ် ဖက်စပ်လဲမထား
သက်သက်မဲ့ အခြားတစ်ပါး အနေအားဖြင့်လည်းကောင်း
ငါ့ထဲမှာလူမရှိ
လူထဲမှာ နတ်မပါ
ဗြဟ္မာဆိုတာက ပြောသံကြား
ယောကျ်ား မိန်းမခေါ်ကြတာက ပါးစပ် စကား
ပရမတ်တရားနဲ့ ဘာတစ်ခုမျှရှာမရ
အာကာသကောင်းကင်ပြင်စခန်းမှာ
တစ်ဂဏန်းမလာရ
သုညတ ဘာနာမည် မှမရော
ဗလာသဘော လေဟာပြင်အနေအားဖြင့်လည်းကောင်း
ငါ့အလိုလည်းသူမလိုက်
သူ့အကြိုက်လည်း ငါမပါ
ထင်ရာမြင်ရာ ဖြစ်ချင်ရာဖြစ်တတ်
ဘယ်လိုနည်းနဲ့မှ နှုတ်ခမ်းသတ်လို့မရ
ဘယ် နတ်ဗြဟ္မာ ဘယ်ရာဇာတို့မှ